## မက္ကစီကိုမှ အစ္စလာမ် သာသနာ



မက္ကစီကိုနိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ တောင်ဘက် ပစ္စိဖိတ် သမုဒ္ဒရာနှင့် မက္ကဆီကို ပင်လယ်ကွေ့ (အတ္တလန္တိတ် သမုဒ္ဒရာ) မျက်နှာစာ နှစ်ခုကြားတွင် တည်ရှိသည်။ တောင်ဘက်ပိုင်းတွင် ဂွမ်တီမာလာနှင့် ဘီလီဇီနိုင်ငံတို့နှင့် နယ်နိမိတ် ဆက်စပ်လျှက် ရှိသည်။



၂၀၀၈ ခုနှစ် တရားဝင် စာရင်းကောက်ခံမှုအရ မက္ကစီကိုနိုင်ငံတွင် အစ္စလာမ်သာသနာဝင် လူဦးရေမှာ ၂၅၀၀၀ ခန့်ရှိ၍ နိုင်ငံ လူဦးရေ၏ ၀.၀၂ ရာနှုန်းဖြစ်သည်။ မကြာမီနှစ်များမှ အစ္စလာမ်သာသနာသို့ ကူးပြောင်းလာသူများမှာ စရင်းတင်လောက်သည့် လူဦးရေ ဖြစ်၍ ၁၅၀၀ မှ ၃၀၀၀ ကြား ရှိခဲ့သည်။

မက္ကဆီကိုရှိ အစ္စလာမ်သာသနာဝင်များ၏ သမိုင်းကြောင်း အတွက် သတင်းအချက် အားနည်းလျှက်ရှိသည်။ သို့သော် လက်ဘနွန်၊ ဆီးရီးယားနှင့် အခြားသော အရှေ့အလယ်ပိုင်းနိုင်ငံများမှ ရောက်ရှိလာသည်ဟု အများက လက်ခံထားပေသည်။

ရွှေပြောင်းလာသူ အစ္စလာမ်လူဦးရေနှင့် မူရင်းဒေသခံ တိုင်းရင်းသားများမှ အစ္စလာမ်သာသနာသို့ ကူးပြောင်းသက်ဝင်လာသူ လူဦးရေမှ ညီတူညီမျှခန့် ရှိပေသည်။ မက္ကဆီကို အစ္စလာမ်မစ် အဖွဲ့အစည်းများ၏ အောက်ခြေသိမ်း စည်းရုံးဆောင်ရွက်မှုများမှာ အရှိန်ရလျှက် ရှိသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ပြိတိသျှ လူမျိုးမှ အစ္စလာမ် သာသနာသို့ ကူးပြောင်းသက်ဝင်လာသော အိုမာ ဝက်စ်တန် ဦးဆောင်သည့် မက္ကဆီကို အစ္စလာမ့် ယဉ်ကျေးမှု ဗဟိုဌာန (CCIM) သည် မက္ကဆီကို မြောက်ပိုင်းနှင့် အလယ် ပိုင်း မြို့ကြီးပေါင်းများစွာတွင် အားတက်သရော သာသနာပြုလျှက် ရှိသည်။

အစ္စလာမ့်ဗဟုသုတ လေ့လာဆည်းပူးရေးနှင့် ဝတ်ပြုခြင်း ဆင့်ဆိုမှုများကို ဦးတည်သည့် သာသနာပြု အဖွဲ့ကိုလည်း မက္ကဆီကို စီးတီးတွင် တည်ထောင်ထားသည်။ စီစီအိုင်အမ် အပြင်– နူးရ် အာ့ရ်ုကီ ဂျရာ ဟီ ဆူဖီ ဟုခေါ်သည့် အစ္စလာမ့် ဝိပဿနာဌာန တစ်ခုလည်း မက္ကဆီကို စီးတီးတွင် ရှိနေသည်။ ၎င်းကို ရှိုက်ခ်ါ ဖရီယာနှင့် ရှိုက်ခ်ါ အမီနာ ဟူသည့် အမျိုးသမီး နှစ်ဦးမှ ဦးဆောင်သည်။ ထို့ပြင် အခြားသော ဝိပဿနာ အသိုင်းအဝိုင်းငယ် တစ်ခုလည်း ရှိနေသည်။ မိုရီလို့စ် ပြည်နယ်တွင် အစ္စလာမ့်ဗဟုသုတ များ ဆွေးနွေးရာ၊ လေ့လာရာ၊ ညီလာခံများပြုလုပ်ရာ အစ္စလာမ်ခမ်းမဆောင်ကြီးလည်း ရှိနေသည်။ ၎င်းကို ဒါရ်ရှိ ဆလာမ်ဟု ခေါ်၍ ဒါရ်ရှိ ဆလာမ်သည် အိုအေစစ်ဟူသည့် ဟိုတည်လုပ်ငန်းအား လည်ပတ်လျှက် ထိုဟိုတည်မှ မူဆလင် ခရီးသည်များနှင့် အခြားသော မူဆလင်မဟုတ်သူများက အစ္စလာမ်အပေါ် နားလည်မှုရှိလာစေရန် ဟာလာဟ် အားလပ်ရက် အစီအစဉ်များကို ဆောင်ရွက် လျှက် ရှိသည်။

ချီးစ်ပ့်ါစ်ဒေသ– (မက္ကဆီကို)

စပိန်နိုင်ငံ ဂရင်းနာဒါ တွင် အခြေချတည်သော စပင်းနစ် မူရာဘက်တန် အသိုင်းအဝိုင်းနှင့် မက္ကဆီကို ချီးစ်ပ့်ါ အသိုင်းအဝိုင်းသည် ခိုင်မာသော ဆက်စပ် ဆက်ဆံမှု ရှိနေသည်။ ချီးစ်ပ့်ါစ် ပြည်နယ် ခရိုင်မြို့ ဖြစ်သည့် စန် ခရစ်နိုဘော် ၌ **ဇက်ပ့်ါစ်တက်စ်တာ** အုံကြွလှုပ်ရှားမှု အပြီး မကြာမီပင် စပင်းနစ် သာသနာပြု မုဟမ္မဒ် နဖီယာ (အမည်ဟောင်း အော်ရီလိုင်ယာနို ပီရစ်)သည် ချီးစ်ပ့်ါစ် ပြည်နယ်သို့ ရောက်ရှိလာ ၍ သာသနာပြုခဲ့သည်။ သတင်းများအရ မူရင်းဒေသခံ တိုင်းရင်းလူမျိုးများ ဖြစ်သည့် မေယန်နှင့် ဇွတ်ဇေးလ် (Mayans and Tzotzils) လူမျိုးများမှ အစ္စလာမ်သာသနာသို့ အကြီးအကျယ် ကူးပြောင်း သက်ဝင်ခဲ့သည်။ သမ္မတ ဗင့်ဆင့် ဖော့က် က **ဇင်ပ့်ါစ်တက်စ်တာ** နှင့် စပိန်နိုင်ငံမှ အစ္စလာမ် ခွဲထွက်ရေး (ETA) တို့ ပတ်သက်ဆက်နွယ်သည်ဟု အသံထွက်ခဲ့ရသည်ထိ ဖြစ်လာခဲ့သည် သို့သော် အစ္စလာမ်သို့ ကူးပြောင်းသူများမှာ နိုင်ငံရေးအား စိတ်ဝင်စားခြင်း မရှိသည်ကို တွေ့ခဲ့ရသည်။

Wiki အား မှီငြမ်းပြန်ဆိုသည်။ (ဦးဌေးလွင်ဦး)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com